မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

နေ့စဉ်ဈေးကွက်သတင်းလွှာ

August 19 , 2025 | Volume 93, Number 13


၁၉. ၈.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၅၁.၅၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၃၆.၂၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၃၇.၈၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၂.၅၉ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၄၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၁.၁၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၇.၀၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၆၁ ကျပ် |


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ယခုနှစ်ပြောင်းရာသီတွင် ထိုင်းကို ပြောင်းတန်ချိန် တစ်သန်းကျော်တင်ပို့နိုင်မည်



ယခုနှစ်ပြောင်းရာသီမှာ ထိုင်းနိုင်ငံကို ပြောင်းတန်ချိန် တစ်သန်းကျော် တင်ပို့နိုင်မယ်လို့ မြန်မာနိုင်ငံ ပြောင်းလုပ်ငန်းရှင်များအသင်းကနေ သိရပါတယ်။

မြန်မာပြောင်းဆန်ရဲ့ အဓိကဝယ်လက်ဖြစ်တဲ့ ထိုင်းနိုင်ငံကို အခွန်ကင်းလွတ်ခွင့်နဲ့ နှစ်စဉ်ဖေဖော်ဝါရီလမှ ဩဂုတ်လကုန်အထိ တင်ပို့လျက်ရှိပါတယ်။

“ပို့တာက ရန်ကုန်ဆိပ်ကမ်းရယ်၊နယ်စပ်ဆိုရင်တော့ တာချီလိတ်ကနေပို့တယ်”လို့ အသင်းတာဝန်ရှိသူတစ်ဦး က ပြောပါတယ်။

ယခုနှစ်အတွင်း ထိုင်းနိုင်ငံဘက်မှာ ပြောင်းဈေးနှုန်းတွေ အကျဘက်ရောက်နေလို့ အရင်နှစ်ကထက် ဈေးရရှိမှု နည်းလာကြောင်း သိရပါတယ်။

လက်ရှိမှာ ထိုင်းအစိုးရရဲ့မြန်မာပြောင်းဆန်ကို အခွန်လွတ်တင်သွင်းခွင့်ကာလပိတ်သိမ်းတော့မှာဖြစ်လို့ ပြည်တွင်းပြောင်းဈေးလည်း ကျရိပ်သမ်းလာကြောင်း သိရပါတယ်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးကွက်မှာ ဇူလိုင် ၁ ရက်နေ့တွင် တစ်တန်ကို အမေရိကန်ဒေါ်လာ ၂၇၀ အထိရရှိခဲ့ပေမဲ့ ဩဂုတ်လ ၁၅ ရက်နေ့မှာတော့ တစ်တန်ဈေး ဒေါ်လာ ၂၅၀ အထိ ကျဆင်းလာပါတယ်။

ထိုင်းနိုင်ငံကို အခွန်ကင်းလွတ်ခွင့်နဲ့တင်ပို့ခွင့်ကာလပြီးဆုံးသွားပါက ဖိလစ်ပိုင်၊ ဗီယက်နမ်၊အိန္ဒိယစတဲ့ ဈေးကွက်နိုင်ငံတွေကို အဓိကတင်ပို့ရောင်းချသွားဖို့ရှိကြောင်းလည်း အသင်းကနေ သိရပါတယ်။

စိုက်ပျိုးရေးဦးစီးဌာနမှ ပြုစုထားတဲ့စာရင်းတွေအပြင် လက်ရှိပြောင်းအထွက်နှုန်းနဲ့မျိုးစေ့ရောင်းချရမှုအခြေအနေပေါ် လေ့လာတွက်ချက်မှုတွေအရ မြန်မာတစ်နိုင်ငံလုံး

မှာ စုစုပေါင်းပြောင်းစိုက်ဧက ၂ သန်းကျော်ရှိပါတယ်။

ပြောင်းထုတ်လုပ်မှုအနေနဲ့ မက်ထရစ်တန်ချိန် ၃ ဒသမ ၂ သန်းခန့်ထွက်ရှိပြီး တန်ချိန် ၂ ဒသမ ၂ သန်းကို ပြည်ပသို့တင်ပို့ကာ လက်ကျန် တန်ချိန် ၁ သန်းခန့်ကိုပြည်တွင်းမှာသုံးစွဲပါတယ်။

**Source : BETV Business**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၆,၂၈၅ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ



စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သော ဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကိုဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနစားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီကဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းလိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၁၈ ရက်နေ့မှ ၂၄ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၆,၂၈၅ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**Source :** https://www.doca.gov.mm/

## ပေါ်ဆန်းမွှေးဆန် ဈေးကျ၍ ဧည့်မထဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ မြင့်တက်

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင်မူတည်၍ ဆန်နှင့်ဆန်ကွဲ၊ ဖွဲနုဈေးများ အတက်အကျဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၁၁ ရက်နေ့တွင် (၂၀၂၅.၈.ဧည့်မထဆန်၆၅၀ တစ်အိတ် (ဟောင်း)(မနေသုခ),၀၀ ကျပ်၊ ဧည့်မထဆန် ၀၅၅၀၀ တစ်အိတ်(သစ်) (မနေသုခ) ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၄၂,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၃၁၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်

ဖြစ်ခဲ့ပါသည်။ (၁၈၇၀ တစ်အိတ် (ဟောင်း)(မနောသုခ)ရက်နေ့တွင် ဧည့်မထဆန် (၂၀၂၅.၈.,၀၀၀ ကျပ်၊ ဧည့်မထဆန် (မနောသုခ ( ၆၀ တစ်အိတ်(သစ်),၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၉၀,၀၀၀ ကျပ်၊ ဆန်ကွဲ B(1,2)တစ်အိတ် ၅၀,၀၀၀ကျပ်၊ ဆန်ကွဲB(2,3,4) တစ်အိတ် ၄၅,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၄၆၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၀,၀၀၀ ကျပ် ဈေးကျ၍ ဧည့်မထဆန် (မနောသုခ) (ဟောင်း)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဧည့်မထဆန်၅၀ တစ်အိတ်(သစ်)(မနောသုခ),၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၈၀၀၀ ကျပ်နှင့် ဆန်ကွဲB(2,3,4)တစ်အိတ် ၅၀၀၀ ကျပ်၊ ဖွဲနုတစ်အိတ် ၁၅၀၀ ကျပ်တို့ဖြင့် ဈေးများမြင့်တက်ခဲ့ပါသည်။ ဧည့်မထဆန် ၊(ဟောင်း)(မနောသုခ) ဧည့်မထဆန်၊ ဆန်ကွဲ(သစ်)(မနောသုခ)B(1,2)၊ ဆန်ကွဲB(2,3,4)နှင့် ဖွဲနုဈေးတို့ မြင့်တက်သွားခြင်းမှာ စပါးဈေးကျဆင်း၍ ဆန်ကြိတ်ခွဲမှုလျော့သွားကာ ကုန်ကြမ်းနည်းပြီး ဝယ်လိုအားများသော ကြောင့်ဖြစ်ပြီး ပေါ်ဆန်းမွှေးဆန်ဈေးကျဆင်းသွားခြင်းမှာ ကုန်ကြမ်းများပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဌထံမှ သိရပါသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ဈေးကွက်အတွင်း ဆေးဝါးများ စနစ်တကျတင်သွင်းပေးနေ




ဆေးဝါးနှင့် ဆေးပစ္စည်းများ၏ သွင်းကုန်လိုင်စင်များကို သတ်မှတ်ပမာဏတစ်ခုဖြင့် လစဉ်ပုံမှန်စီစစ်ခွင့်ပြုချထားပေးနေကြောင်း မြန်မာနိုင်ငံဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းက ထုတ်ပြန်ပါတယ်။

အသင်းဝင်ကုမ္ပဏီတွေအနေဖြင့် သွင်းကုန်လိုင်စင်ရရှိသည်နှင့် တစ်ပြိုင်တည်း ဆေးဝါးနှင့်ဆေးပစ္စည်းများကိုမှာယူတင်သွင်းခြင်း ပြုလုပ်နေကြကြောင်းသိရသည်။

ထို့ကြောင့် ဈေးကွက်အတွင်း၌ ကုန်ပစ္စည်းများ ကာလကြာရှည်စွာ ပြတ်လပ်မှုမျိုးတွေ ဖြစ်ပေါ်ခြင်းမရှိဘဲ အနယ်နယ်အရပ်ရပ်သို့ ပုံမှန်ရောင်းဝယ်ဖြန့်ဖြူးနေခြင်းကြောင့် ဈေးကွက်အတွင်းတည်ငြိမ်လျက်ရှိကြောင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

အသင်းဝင် ကုမ္ပဏီများမှ တင်ပြလာသော သွင်းကုန်လိုင်စင်များကို လစဉ်သတ်မှတ်ခွင့်ပြုပေးသည့်ပမာဏပေါ်မူတည်ကာ တင်သွင်းသူများ တန်းတူညီမျှသည့် ပမာဏရရှိရန်အတွက် အချိုးကျ ခွဲဝေမှုဖြင့်စီစစ်ပြီး ကုန်သွယ်ရေးဦးစီးဌာနသို့ပြန်လည်စုစည်းပေးပို့တင်ပြရကြောင်းသိရသည်။

ဈေးကွက်အတွင်း၌ ဆေးဝါးနှင့်ဆေးပစ္စည်းများပုံမှန်ဝယ်ယူရရှိနိုင်စေရန် တင်သွင်းဖြန့်ဖြူးရောင်းချသည့် ကုမ္ပဏီများ၊လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေသော အရောင်းဆိုင်တများအား လိုအပ်သလို ပုံမှန်တွေ့ဆုံခြင်း၊ တိုက်တွန်း/နှိုးဆော်စာများအပတ်စဉ်ပေးပို့ခြင်းတို့ဖြင့်စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ပြည်သူ့ဆေးရုံများတွင် တက်ရောက်ကုသနေသည့်ရောဂါဝေဒနာရှင်များအတွက် သုံးစွဲရန် လိုအပ်သည့် ဆေးဝါးများ ပြတ်လပ်မှုမရှိစေရန် ၊ ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ စသည့်ရောဂါများအတွက် လိုအပ်သော ကုသမှုဆိုင်ရာ ဆေးဝါးများ၊ ကျောက်ကပ်ဆေးရန်လိုအပ်သော ဆေးဝါး၊ဆေးပစ္စည်းများအစရှိသည့် အရေးကြီးဆေးဝါးနှင့် ဆေးပစ္စည်းများကို ပုံမှန်တင်သွင်းဆောင်ရွက်နိုင်ရန်လိုအပ်ချက်အရ သက်ဆိုင်ရာဌာနများထံထောက်ခံတင်ပြပေးခြင်း၊ ဆက်သွယ်ဆောင်ရွက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း ထုတ်ပြန်ထားသည်။

**Source :** https://npnewsmm.com/

## ဧရာဝတီတိုင်းဒေသကြီးတွင် ငှက်ပျောသီးဈေးကွက် စည်ကားလျက်ရှိ



ဧရာဝတီတိုင်းဒေသကြီးတွင် ငှက်ပျောသီးစိုက်ပျိုးရောင်းချမှုသည် ဒေသခံများကို ဝင်ငွေတိုးပွားစေသော စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်ပြီး ဖီးကြမ်း၊ နံ့သာပုငှက်ပျော၊ ရွှေငှက်ပျော၊ သီးမွှေးငှက်ပျောအပါအဝင် အခြားငှက်ပျောသီးမျိုးစုံကို စိုက်ပျိုးကြသည်။

ဒေသအလိုက် ဈေးကွက်တောင်းဆိုမှုပေါ်မူတည်၍ ငှက်ပျောအမျိုးအစားများကွဲပြားသော်လည်း ယခုရာသီတွင် ဈေးကောင်း ရရှိလျက်ရှိသည်။

ဧရာဝတီတိုင်းတွင်ရှိသော ငှက်ပျောသီးမျိုးစုံနှင့်ဈေးနှုန်းများမှာ ဖီးကြမ်းငှက်ပျော တစ်ဖီးလျှင် ၄,၀၀၀ ကျပ် ခန့်ဖြစ်ပြီး ပုသိမ်၊ မြောင်းမြ၊ ငပုတောဒေသများတွင် အများဆုံးစိုက်ပျိုးသည်။ နံ့သာပု ငှက်ပျောတစ်ဖီးလျှင် ၃,၅၀၀ ကျပ်ခန့် ဖြစ်ပြီး အနံ့မွှေးပြီး အသီးသေးငယ်သည့်အတွက် မုန့်ပဲသွားရည်စာလုပ်ငန်းများတွင် အသုံးများသည်။ ရွှေငှက်ပျောတစ်ဖီးလျှင် ၆၅၀၀ ကျပ်ခန့်ဖြစ်ပြီး အနည်းငယ်ဈေးကြီးသော်လည်း အရည်အသွေးနှင့်အရသာကောင်းမွန်မှုကြောင့် ဝယ်ယူသူများပြားသည်။ သီးမွှေးငှက်ပျော တစ်ဖီး ၅,၀၀၀ ကျပ် ခန့်ဖြစ်ပြီး ချိုဆိမ့်သောအရသာကြောင့် ဒေသတွင်းနှင့် အခြားမြို့ကြီးများသို့ တင်ပို့ရောင်းချကြသည်။ ဒေသအတွင်း၌ အခြားထင်ရှားသောငှက်ပျောများဖြစ်သည့် ဆင်ခြေထောက်၊ ကရင်ငှက်ပျော၊ ပုလဲငှက်ပျော တို့ကိုလည်း စိုက်ပျိုးရောင်းချကြသည်။

ငှက်ပျောသီးများကို ဧရာဝတီတိုင်းအတွင်းရှိ စည်ပင်သာယာဈေးများနှင့် ကျေးရွာဈေးများတွင် အဓိကရောင်းချကြပြီး ရန်ကုန်၊ မန္တလေးသို့လည်း တင်ပို့ရောင်းချကြသည်။ ငှက်ပျောသီးအစိမ်းများကို ငှက်ပျောကြော်ခြောက်၊ ငှက်ပျောမုန့်စသည့် ဒေသထွက်ကုန်စားစရာများပြုလုပ်ကာ ဒေသတွင်းနှင့် အခြားမြို့များတွင် ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source : DOCA (ဧရာဝတီ)**

https://www.doca.gov.mm/

## အမေရိကန်၏ အခွန်ကြုံတွေ့ရသည့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များအား ကူညီပေးသွားရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်လျက်ရှိ

အမေရိကန်က ထိုင်းကုန်စည်များအပေါ် ကောက်ခံရန်သတ်မှတ်ခဲ့သည့် အခွန်နှုန်းထားအသစ်ကြောင့် ထိုင်းပို့ကုန်လုပ်ငန်းရှင်များအပေါ် သက်ရောက်မှုများကိုကာကွယ်ရန် ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုင်းအပေါ် အခွန်နှုန်းထားအသစ် ၁၉ ရာခိုင်နှုန်းကို ဩဂုတ်လ ၇ ရက်နေ့မှစ၍ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ အမေရိကန်မှ တင်သွင်းလာသော ကုန်စည်အမျိုးအစား ၁၀,၀၀၀ အပေါ် သွင်းကုန်အခွန်ပယ်ဖျက်ပေးမည်ဖြစ်ကြောင်း ထိုင်းအစိုးရ၏ ကြေညာချက်ပြီးနောက် နှုန်းထားသည် ယခင်ကြေညာခဲ့သည့် ၃၆ ရာခိုင်နှုန်းနှင့်နှိုင်းယှဉ်ပါက နည်းပါကြောင်း၊ ထိခိုက်သည့် လုပ်ငန်းများကို အကူအညီပေးရန် အပြည်ပြည်ဆိုင်ရာ နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းတို့တွင်အတိုးမဲ့ချေးငွေများသက်တမ်းတိုးခြင်း၊ထိုင်းကုန်စည်များအတွက်ဈေးကွက်အသစ်များ ရှာဖွေဖော်ထုတ်ခြင်း၊ Transshipment ကို ကာကွယ်ခြင်းနှင့် အရည်အသွေးနိမ့်သောပစ္စည်းများရောင်းချနေမှုကို တိုက်ဖျက်ခြင်းတို့ပါဝင်ကြောင်း သိရသည်။

အခွန်အသစ်ကြောင့် ပို့ကုန်လုပ်ငန်းရှင်များကိုထောက်ကူပြုနိုင်မည့်လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်ခြင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ SME Pro-Active အစီအစဉ်အတွက် အရည်အသွေးပြည့်မီစေရေးလိုအပ်ချက်များကို ပြန်လည်

သုံးသပ်ခြင်းနှင့် ထောက်ပံ့မှုငွေကို ဘတ် ၂၀၀,၀၀၀ မှ တိုးမြှင့်သတ်မှတ်ခြင်းတို့ဖြစ်ကြောင်း၊ ပုဂ္ဂလိကအဖွဲ့များနှင့် ဘဏ္ဍာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်၍ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိကြောင်း၊ အထောက်အပံ့အတွက် အစိုးရ၏ စီးပွားရေးလှုံ့ဆော်မည့်အစီအစဉ်ရန်ပုံငွေ ဘတ် ၁၁၅ ဘီလီယံမှ ဘတ် ၅၀ သန်းကို သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ထပ်လောင်းအစီအမံများလိုအပ်ချက်အတွက် ဆုံးဖြတ်နိုင်ရန်အချက်အလက်များကို စုဆောင်းလျက်ရှိကြောင်း ဦးစီးဌာနညွှန်ကြား ရေးမှူးချုပ် Ms. Sunanta Kangvalkulkij က ပြောကြားခဲ့သည်။

ယခုနှစ် ထိုင်းနိုင်ငံ၏ ပို့ကုန်ကဏ္ဍတိုးတက်မှုအတွက် National Shippers' Council ၏ခန့်မှန်းချက် ၅ ရာခိုင်နှုန်းမှ ၇ ရာခိုင်နှုန်းသည် ဖြစ်နိုင်ကြောင်း၊ အမေရိကန်သွင်းကုန်လုပ်ငန်းရှင်များကလည်း အခွန်နှုန်းထားသည် ဒေသတွင်းအခြားနိုင်ငံများအပေါ် ကောက်ခံမှုနှင့် သင့်တင့်သည်ဟု ပြောကြားကြကြောင်း၊ ဈေးကွက်သစ်များနှင့် ကုန်သွယ်မှုသည်လည်း အခြေအနေကောင်းမွန်ပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍကလည်း နှုန်းထားအသစ်ကို ချိန်ညှိနေပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ယခုနှစ်အတွက် ပို့ကုန်တိုးတက်မှုကို ၂ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းခန့်မှန်းထားကြောင်း သိရသည်။

အမေရိကန်သည် ထိုင်းနိုင်ငံအပေါ် ကနဦးအခွန်နှုန်းထားသတ်မှတ်ချက်သည် ၃၆ ရာခိုင်နှုန်းဖြစ်သော်လည်း ထိုင်းနိုင်ငံအစိုးရ၏အဆိုပြုလွှာ မြန်မြန်ဆန်ဆန်ပြင်ဆင်တင်ပြနိုင်ခဲ့ခြင်းနှင့် အမေရိကန်သွင်းကုန်အမည် ၁၀,၀၀၀ အပေါ် သွင်းကုန်အခွန်ပယ်ဖျက်လိုက်ခြင်းကြောင့် ခန့်မှန်းထားသည့်နှုန်းထား ၂၀ ရာခိုင်နှုန်းအောက်လျော့နည်းသည့် ၁၉ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့သည်။

ယင်းနှုန်းထားအသစ်ကြောင့် ထိခိုက်နိုင်မည့်လုပ်ငန်းများအတွက် ထောက်ပံ့ပေးမည့်အစီအစဉ်များကို ကြိုတင်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း လေ့လာသိရှိရသည်။

ထို့ပြင် လုပ်ထုံးလုပ်နည်းများကိုလည်း ပြန်လည်လေ့လာသုံးသပ်ခြင်းတို့လည်း ဆောင်ရွက်ကြောင်း သိရသည်။

**Source:** **www.bangkokpost.com**

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

**https://myantrade.gov.mm/**

## ကျောက်မီးသွေးဓာတ်ငွေ့ထုတ်လုပ်မှုကို မြှင့်တင်ရန်အတွက် အထူးစီးပွားရေးဇုန်ကို ထူထောင်တော့မည့် အင်ဒိုနီးရှားနိုင်ငံ



အင်ဒိုနီးရှားနိုင်ငံအစိုးရသည် ကျောက်မီးသွေးကို Dimethyl Ether DME အဖြစ် ပြောင်းလဲမှု အရှိန်အဟုန် မြှင့်တင်ရန်အတွက် အထူး စီးပွားရေးဇုန်များ SZEs စတင်ထူထောင်နေပြီ စီးပွားရေးရာ ညှိနှိုင်းဆောင်ရွက်ရေးဝန်ကြီး Airlangga Hartarto က ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ SZEs မှတစ်ဆင့် အစိုးရသည် အခွန်မက်လုံးများ၊ သွင်းကုန်ခွန်ကင်း လွတ်ခွင့်များ၊ လိုင်စင်နှင့် အလုပ်သမားထောက်ပံ့မှုများ ပံ့ပိုးပေးလျက်ရှိပြီး မြို့ပြအသုံးစရိတ်များအတွက် ထပ်ပေါင်းခံစားခွင့်များ၊ အထူးသဖြင့် စက်ပစ္စည်းဆိုင်ရာ တပ်ဆင်မှုများအတွက် ရရှိနိုင်ကြောင်း သိရသည်။

"ဥပဒေသည်အဆင်သင့်ဖြစ်နေပြီး အစိုးရသည် SEZ ခံစားခွင့်များကို ထောက်ပံ့ပေးနေကြောင်း" Airlangga က ပြောကြားခဲ့သည်။ အထူးအနေဖြင့် နိုင်ငံပိုင်ရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီ PT Pertamina က အဆိုပါစီမံကိန်းများအတွက် ကမ်းလှမ်းသူများအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

“၎င်းစီမံကိန်းသည် အရေးပါကြောင်းနှင့် Dimethyl Ether များအားထုတ်လုပ်မည့် ကျောက်မီးသွေးဓာတ်ငွေ့ထုတ်လုပ်သန့်စင်ခြင်း စီမံကိန်း များစွာ အတွက် SEZ တည်ထောင်မှုအာမခံအခြေအနေများ ရှိနေပြီ ဖြစ်ကြောင်း” ၎င်းက အင်ဒိုနီးရှားနိုင်ငံသတ္တုအစည်းအဝေး ၂၀၂၅ တွင် ပြောကြားခဲ့သည်။

အဆိုပါစီမံကိန်း ကို အစိုးရအနေဖြင့် ၂ နှစ်မှ ၃ နှစ်အတွင်း အကောင်အထည်ဖော်နိုင်ရန် မျှော်မှန်းကြောင်း သိရသည်။

ကနဦးခြေလှမ်းသည် သန့်ရှင်းသောစွမ်းအင်အသုံးပြုမှုကို မြှင့်တင်ရန်နှင့်တင်သွင်းလာသော သဘာဝဓာတ်ငွေ့အပေါ် မှီခိုမှုအားလျှော့ချရန်ဖြစ်ကြောင်း သိရသည်။

**Source: DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ဇူလိုင်လက စင်ကာပူပို့ကုန်များ မျှော်မှန်းသည်ထက် ပိုမိုကျဆင်း



ဇူလိုင်လအတွင်းက စင်ကာပူရဲ့အဓိကပို့ကုန်တွေဟာ မျှော်မှန်းထားတာထက် ပိုမိုကျဆင်းသွားတယ်လို့ The Straits Times သတင်းစာမှာ ရေးသားဖော်ပြထားပါတယ်။

ဩဂုတ် ၁ ရက်မှာ အမေရိကန်သမ္မတဒေါ်နယ်ထရမ့်ရဲ့ အခွန်ကင်းလွတ်ခွင့်ကာလ ပြီးဆုံးသွားပြီးတဲ့နောက် မှာယူမှုတွေလျော့ကျသွားတာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

Enterprise Singapore ရဲ့ကိန်းဂဏန်းအချက်အလက်တွေအရ ရေနံမဟုတ်တဲ့ ပြည်တွင်းပို့ကုန်ဟာ ဇွန်လတုန်း က ၁၂ ဒသမ ၉ ရာခိုင်နှုန်း ပြန်လည်တိုးတက်ခဲ့ပေမဲ့ ဇူလိုင်လမှာတော့ မနှစ်ကနဲ့နှိုင်းယှဉ်ရင် ၄ ဒသမ ၆ ရာခိုင်နှုန်း ကျဆင်းသွားတယ်လို့ သိရပါတယ်။

စင်ကာပူရဲ့အကြီးဆုံး ပို့ကုန်ဈေးကွက်ဖြစ်တဲ့ အမေရိကန်ပြည်ထောင်စုကို တင်ပို့မှုဟာ ၄၂ ဒသမ ၇ ရာခိုင်နှုန်းကို ထိုးကျသွားပြီး တရုတ်နိုင်ငံကို တင်ပို့မှုက ၁၂ ဒသမ ၂ ရာခိုင်နှုန်းနဲ့ အင်ဒိုနီးရှားကို တင်ပို့မှုက ၃၂ ဒသမ ၂ ရာခိုင် နှုန်းကို ကျဆင်းသွားပါတယ်။

အမေရိကန်ကို တင်ပို့မှုကျဆင်းတာက အဓိကအားဖြင့် ဆေးဝါးပို့ကုန် ၉၃ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့တာကြောင့် ဖြစ်တယ်လို့ ဆိုပါတယ်။

အမေရိကန်ရဲ့စင်ကာပူအပေါ်အခွန်စည်းကြပ်မှုက ၁၀ ရာခိုင်နှုန်းရှိနေပြီး ဆီမီးကွန်ဒတ်တာအပေါ်ကိုတော့ ၁၀၀ ရာခိုင်နှုန်း အခွန်စည်းကြပ်ထားတာ ဖြစ်ပါတယ်။

အမေရိကကို ပြောင်းရွှေ့ထုတ်လုပ်တဲ့ကုမ္ပဏီတွေအနေနဲ့ အခွန်ကင်းလွတ်ခွင့်ကို ရရှိနိုင်မှာဖြစ်ပေမဲ့ ဘယ်လောက်များများ ပြောင်းရွှေ့ထုတ်လုပ်နိုင်မယ်ဆိုတာကတော့ မရေရာသေးဘူးလို့ သိရပါတယ်။

**Source :** https://onenewstvchannel.com/

# STOCK EXCHANGE (19.8.2025)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

## Stock trading data

As of 19th Aug. 2025

### Total Trading [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,509 (Shares) | 26,497,750 (MMK) |

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,300 | +100 | +1.39% | 7,100 | 7,300 | 7,100 | 2,328 | 16,851,000 | 33,109,694 | 241,701 |
| MTSH | 00002 | 3,150 | +0 | +0.00% | 3,200 | 3,200 | 3,150 | 821 | 2,587,200 | 38,929,150 | 122,627 |
| MCB | 00003 | 7,700 | +0 | +0.00% | 7,700 | 7,700 | 7,700 | 21 | 161,700 | 10,400,986 | 80,088 |
| FPB | 00004 | 2,000 | +50 | +2.56% | 1,950 | 2,000 | 1,950 | 1,840 | 3,673,500 | 29,664,613 | 59,329 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 551 | 1,432,600 | 12,823,224 | 33,340 |
| EFR | 00006 | 1,700 | +50 | +3.03% | 1,700 | 1,700 | 1,650 | 835 | 1,409,500 | 19,977,223 | 33,961 |
| AMATA | 00007 | 3,400 | -50 | -1.45% | 3,400 | 3,400 | 3,400 | 100 | 340,000 | 10,497,598 | 35,692 |
| MAEX | 00008 | 3,250 | +0 | +0.00% | 3,250 | 3,250 | 3,250 | 13 | 42,250 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 19th Aug. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 362.69 | +2.79 | +0.78% | 359.18 | 362.69 | 359.18 | 6,509 | 26,497,750 | 8 | 684,104 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 19th Aug. 2025

| Trading Volume | Trading Value |
|---|---|
| 6,739 (Shares) | 27,153,250 (MMK) |

## Main Board

As of 1:00 pm, 19th Aug. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 6,509 (Shares) | 26,497,750 (MMK) |

| MYANPIX | 362.69 ▲ 2.79 |
|---|---|
| Total Volume (shares) | 6,509 |
| Total Value (MMK) | 26 mil |
| Listed Company | 8 |
| Market Cap. (MMK) | 684,104 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,300 | ▲ 100 |
| MTSH | 00002 | 3,150 | ▲ 0 |
| MCB | 00003 | 7,700 | ▲ 0 |
| FPB | 00004 | 2,000 | ▲ 50 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 50 |
| AMATA | 00007 | 3,400 | ▼ 50 |
| MAEX | 00008 | 3,250 | ▲ 0 |